* ကျွန်ုပ်သည် ဗုဒ္ဓဝါဒ၊ သို့မဟုတ် ခရစ်ယာန်ဝါဒ ဘက်တော်သား မဟုတ်။ အမှန်တရား ဘက်တော်သားသာဖြစ်၍ အမှန်တရားကိုသာ ဟောကြားသည်။ သင်တို့က ယင်းကို ဗုဒ္ဓဝါဒီဟုလည်းကောင်း၊ ရေဖျန်း ခရစ်ယာန်ဝါဒဟု လည်းကောင်း၊ Taoism ဟုလည်းကောင်း၊ သို့မဟုတ် သင်နှစ်သက်ရာ ဝါဒနာမကို ခေါ်နိုင်သည်။ အားလုံးကို ကြိုဆိုသည်။

ဆရာတော်ချင်ဟိုင်

* ကိုယ်တိုင်ငြိမ်းချမ်းမှုကို ရရှိခြင်းဖြင့် သည့်ပြင် အရာအားလုံး ရရှိခြင်းပင် ဖြစ်၏။ လောကဆိုင်ရာတောင့်တမှုများ၊ ကောင်းကင်နိုင်ငံဆိုင်ရာ တောင့်တမှုများအတွက် စိတ်ကျေနပ်ခြင်း၊ ပြည့်စုံခြင်း အလုံးစုံတို့သည် ဘုရားသခင်နိုင်ငံမှ လာခြင်းဖြစ်၏။ ယင်း ဘုရားသခင်နိုင်ငံဆိုသည်မှာ ကျွန်ုပ်တို့၏ အစွမ်းပကားပါဝါ၊ ကျွန်ုပ်တို့၏ ထာဝရပညာရည်၊ ကျွန်ုပ်တို့၏ ထာဝရ သဟာဇာတ ဖြစ်ခြင်းကို ကိုယ်တွင်းပိုင်း၌ သိမြင်ခြင်းပင်ဖြစ်၏။ ဤစွမ်းပကားများကို မရရှိနိုင်လျှင်၊ ငွေမည်မျှရှိသည်ဖြစ်စေ ၊ ရာထူးအာဏာ မည်မျှမြင့်မားသည်ဖြစ်စေ စိတ်ကျေနပ်မှုကို မည်သည့်အခါမျှ မရရှိနိုင်ပေ။

ဆရာတော်ချင်ဟိုင်

* ကျွန်ုပ်တို့၏ သင်ကြားမှုမှာ ဤလောက၌ သင်လုပ်ရန်ရှိသည်တို့ကို စိတ်ဓာတ် အပြည့်ဖြင့် လုပ်ဆောင်ပါ။ တာဝန်သိပြီး တာဝန်ယူပါ။ ပြီးတော့ နေ့စဉ် ကမ္မဋ္ဌာန်းထိုင်ပါ။ မိမိကိုယ်ကို အလုပ်အကျွေးပြုနိုင်ရန်၊ လောကကို အလုပ် အကျွေးပြုနိုင်ရန်၊ အသင်သည် ပိုများသော ပညာဉာဏ်၊ အသိတရား၊ ငြိမ်းချမ်းမှုတို့ ရရှိလိမ့်မည်။ အသင်၏ နှလုံးအိမ်တွင်း၌ ဗုဒ္ဓတည်ရှိနေသည်ကို လည်းကောင်း၊ သင်၏ ကိုယ်တွင်း၌ ပကတိ စိတ်ကောင်းခြင်း ရှိနေသည်ကို လည်းကောင်း၊ ထာဝရ ဘုရားသခင်သည် သင်၏ ကိုယ်ခန္ဓာတွင်း၌ တည်ရှိနေသည်ကို လည်းကောင်း မမေ့ပါနှင့်။

ဆရာတော်ချင်ဟိုင်

အောက်ပါခေါင်းစဉ်များသည် ***"လျှပ်တပြက်ဈာန်သော့ချက်" ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ***တွင် ပါဝင်ကြ၏။ အချို့သောခေါင်းစဉ်ကို သင့်အတွက် ဤစာအုပ်ငယ်၌ တင်ဆက်ထားသည်။

**ပထမတွဲ**

မှန်ကန်သောဆရာတော်နှင့် နာမည်ကျော်ဆရာတော်
မှန်ကန်သော ဩဝါဒနှင့် မှားသောဩဝါဒ
Supra-Worldly အသံ
ကွမ်ရင်နည်း၏ အကျိုးကျေးဇူး
တတိယမျက်လုံး၏ ဆန်းကြယ်မှု
အဘယ်ကြောင့် သက်သတ်လွတ်စားသင့်သနည်း

**ဒုတိယတွဲ**

ဈာန်ဆိုသည်မှာ အဘယ်နည်း?
အသက်ထွက်ခါနီး မည်သို့ဖြစ်သနည်း?
မွေးရပ်ပါ ကောင်းကင်နိုင်ငံသို့ မည်သို့ရောက်ရှိသနည်း?
Tao, အသံတော်၊ စကားတော်၊
ငြိမ်းချမ်းမှုသည် ကျွန်ုပ်တို့မှ စတင်စေ။
ဗုဒ္ဓဘာသာဝင်၏ ခြောက်ပါးသောပြည့်စုံမှု

**တတိယတွဲ**

ဘုရားသခင် သိရှိရန် သင်၏ ကိုယ်တွင်းဆရာတော်ရှာပါ
စစ်ဖြစ်ရသည့် အကြောင်းရင်း?
ကိုယ်တွင်း အသံတော်သည် မဟာချစ်ခြင်းကို ဖြစ်စေ၏။
ဈာန်ရဆရာတော် တွေ့ရှိရန် အရေးကြီးပုံ
ဘဝသံသရာတွင် ကယ်တင်ရှင် တည်ရှိနေခြင်း
ဘုရားသခင်ကို ချစ်ခြင်းသည် သူ၏ ပညတ်တော်ကို စောင့်ထိန်း ခြင်းပင် ဖြစ်၏။
ဘုရားသခင်နှင့် ဘုရားသခင်၏ မေရှိယကိုသိသူ
ခရီးလမ်းဆုံးအတွက် ယခုမှ ပြင်ဆင်ခြင်း
ပုဂ္ဂိုလ်၏ အတွင်းစွမ်းပကား ဖော်ထုတ်ခြင်း
မည်သည့် နေရာမဆို ဈာန်ရရှိနိုင်ပုံ
ကမ္ဘာကြီးကို ကာလသစ်ဆီသို့ ခေါ်ဆောင်လျက်

# ဆရာတော် ချင်ဟိုင်၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတော်ချင်ဟိုင်သည် ဗီယက်နမ်နိုင်ငံတွင် မွေးဖွားသည်။ သူမ၏ဖခင်သည် အများလေးစားသော တိုင်းရင်းဆေးဆရာ ဖြစ်သည်။ သူသည် ကမ္ဘာ့စာပေကို လိုက်စားသည်။ အထူးသဖြင့် တွေးခေါ်မှုကို ပို၍စိတ်ဝင်စားသည်။ သူ၏ အနှစ်သက်ဆုံးတို့မှာ လောင်ဇု (Lao Tzu) နှင့် ချောင်ဇု (Chuang Tzu) တို့၏ အရေးအသားများ ဖြစ်သည်။ ယင်းစာအုပ်များနှင့် အခြားဗုဒ္ဓဘာသာ စာအုပ်တို့ကို ဆရာတော် ချင်ဟိုင် ငယ်စဉ် အခြေခံကျောင်းမတိုင်မီကပင် ဖတ်ခဲ့သည်။

ဆရာတော်ချင်ဟိုင်သည် သာမန် ကလေးမဟုတ်ခဲ့ပေ။ အခြားသောကလေးများ ကစားနေစဉ်၊ အိမ်စာလုပ်နေစဉ် သူမသည် ဒဿနိကစာပေများကို မကြာခဏ ဖတ်နေခဲ့သည်။ စိတ်ပူသော ဖခင်က "နားလည်ရဲ့လား"ဟု မေးယူရ၏။ "ကျွန်မ နားမလည်ယင် ဒါတွေကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး"ဟု ဖြေခဲ့၏။ သူဆက်၍ စိတ်ပူပန်နေသော်လည်း သူမသည် ကျောင်းစာ၌ အစဉ် အကောင်းဆုံး အောင်မြင်ခဲ့၏။ ထို့ကြောင့် သူမ၏ ထူးခြားသော စိတ်ဝင်စားမှုကို အားပေးခဲ့၏။

မိဘနှစ်ပါးသည် ရေဖျန်းခရစ်ယာန် ဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့် ထိတွေ့မှုရှိသည်။ ဆရာတော်ချင်ဟိုင်၏ အဘွားသည် ဗုဒ္ဓဘာသာဝင်ဖြစ်၏။ သူမသည် အဘွားနှင့် အတူရှိခြင်းကို သာယာ၏။ သူမအား ဗုဒ္ဓစာပေနှင့် ဝတ်ပြုမှုကို သင်ကြားပေး၏။ ဤအခြေခံကြောင့် ဆရာတော်ချင်ဟိုင်သည် ဘာသာရေးကို ပကတိအမြင် ထားရှိနိုင်ခဲ့၏။ သူမသည် နံနက်ပိုင်း၌ ရေဖျန်းဘာသာ ဝတ်ကျောင်း တက်သည်။ နေ့ခင်းပိုင်းတွင် ဗုဒ္ဓဘာသာ ဝတ်ကျောင်း သွားသည်။ ညနေပိုင်းတွင် ကျမ်းစာဟောပြောမှုကို နားထောင်တတ်၏။ ထို့ကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာ မေးခွန်းများစွာ

ပေါ်ပေါက်ခဲ့ရ၏။ "ကျွန်ုပ်တို့ ဘယ်ကလာကြသနည်း?။ သေဆုံးပြီး နောက်၌ ဘဝ မည်သို့ရှိသနည်း?။ လူသားများ အဘယ်ကြောင့် ကွာခြားကြသနည်း?။"

တစ်ချိန်တွင် သူမ၏မြို့၌ ဆရာဝန်နှင့် သူနာပြု ရှားပါးခဲ့၏။ ထို့ကြောင့် ကျောင်းဆင်းချိန်တွင် သူမက ဆေးရုံကို ကူညီခဲ့သည်။ လူနာများကို ရေချိုးပေးသည်။ နောက်ဖေးအိုးသွန်ပေးသည်။ လူနာများ၏ ဒုက္ခခံစားမှု သက်သာစေလိုသော ဆောင်ရွက်မှုကလေးများဖြစ်၏။ သူမ၏ကြင်နာတတ်မှု၊ ရယ်စရာ ပြောတတ်မှုတို့ကြောင့် သူမ၏ သူငယ်ချင်းများက ကျီစယ်၍ "သက်ရှိဗုဒ္ဓ"၊ "ဟာသရဟန်း" စသည်ဖြင့် သူမကို ခေါ်တတ်၏။

သူမသည် တိရစ္ဆာန်များကို အစဉ်ကြင်နာ သနားတတ်၏။ ဒဏ်ရာရ တိရစ္ဆာန်များကို အိမ်ယူသွားတတ်ပြီး ကုသပြုစုကာ ပြန်လွှတ်ပေးတတ်သည်။ တိရစ္ဆာန်သတ်ဖြတ်သော မြင်ကွင်းသည် သူမအား ငိုစေတတ်၏။ ကမ္ဘာပေါ်ရှိ ဒုက္ခခံစားမှုများ ကာကွယ်ပေးလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်။ သူမ၏ တစ်သက်တာလုံး သက်သတ်လွတ်သာ စား၏။ သူမသည် သတ်ဖြတ်သည့် မြင်ကွင်း၊ သားငါးမြင်ကွင်းတို့ကို ရွံမုန်း၏။

ဆရာတော် ချင်ဟိုင်ငယ်စဉ် ကလေးဘဝက ဗေဒင်ဆရာတစ်ဦးသည် သူမအား သာမန်မဟုတ်၊ အလွန်မြင့်မားသော ဉာဏ်ရည်၊ စိတ်ဓာတ်၊ စရိုက်များရှိသည်ဟု ဟောခဲ့၏။ အကယ်၍ သူမ အိမ်ထောင်မပြုလျှင် သာမန်လူသားဘဝကို စွန့်လွှတ်၍ ရှာန်ရသောဘဝ ရရှိနိုင်သည်။ အိမ်ထောင်ပြုခဲ့သော် ကြင်နာသော လင်သားရရှိ၍ ပျော်ရွှင်သော အိမ်ထောင် ရရှိမည်ဟု ပြော၏။ သူမ၏ တစ်သက်တာတွင် ယင်းကဲ့သို့သော ဟောကိန်းမျိုး ထပ်ခါထပ်ခါ ဟောခြင်းခံရ၏။

ဆရာတော်ချင်ဟိုင် မယ်သီလရှင်ဝတ်သွားစဉ်က သူမ၏ မိခင်သည် ကွမ်ရင်မယ်တော်ကျောင်းသို့ သွား၍ ဆုတောင်း မေးမြန်းခဲ့၏။ ရိုးသားစွာ ယုံကြည်သူများအတွက် အစဉ်အမြဲဖြေမှန် ပေးခဲ့သည်ဟု ဆိုသော ကွမ်ရင်မယ်တော်ကျောင်းကို ရွေးချယ်၍ သွားခြင်းဖြစ်၏။ "ဆရာတော်သည် အလွန်ရှားပါးသော ကလေးဖြစ်သည်။ သန်းတစ်ထောင်မှာမှ တစ်ယောက် ရှိနိုင်သော ကလေးမျိုးဖြစ်သည်။ ကွမ်ရင်မယ်တော်၏ တာဝန်ပေးချက်အရ ဤကမ္ဘာသို့ လာခဲ့ခြင်းဖြစ်သည်။ အာရုံခံစားမှုရှိသော သတ္တဝါများကို ဒုက္ခမှ ကယ်တင်ရန်ဖြစ်သည်"ဟု ဖြေပေးခဲ့၏။

သူမသည် ဂျာမနီနိုင်ငံတွင် ကြက်ခြေနီအတွက် ဘာသာပြန်သူအဖြစ် အမှုထမ်းခဲ့၏။ ဗီယက်နမ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာနှင့် အင်္ဂလိပ်ဘာသာများ ပြန်ဆိုခြင်းဖြစ်သည်။ သူမ၏စည်းစိမ်နှင့် ကျန်းမာရေးကို အထိခိုက်ခံ၍ ဗီယက်နမ်ဒုက္ခသည်များအတွက် အချိန်ကြာညောင်းစွာ လုပ်ဆောင်ခဲ့၏။ ကြက်ခြေနီနှင့် လုပ်ဆောင် ရသောကြောင့် သူမသည် အခြားနိုင်ငံမှ ဒုက္ခသည်များနှင့်လည်း ထိတွေ့ခွင့် ရရှိလာ၏။ စစ်နှင့်သဘာဝဘေးကြောင့် ဒုက္ခနှင့် ပျက်စီးမှုများ အစဉ်တွေ့မြင်ရ၏။ မြင်တွေ့ရသော ဒဏ်ရာဒဏ်ချက်များ သက်သာစေရန် ဆောင်ရွက်ရာ၌ သူမသည် စိတ်ပင်ပန်းမှု များစွာဖြစ်ရ၏။ လူသားဒုက္ခများကို ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် တားဆီးကာကွယ်ရန် မဖြစ်နိုင်ကြောင်း မြင်တွေ့လာ၏။ ဈာန်သတ္တိအားဖြင့် လူသားများစွာ၏ ဒုက္ခဆင်းရဲမှုကို သက်သာစေနိုင်ကြောင်း ဆင်ခြင်မိလာ၏။ ဈာန်သတ္တိရှိရေးအတွက် သူမ ပို၍ အာသီသရှိလာ၏။ ထို့ကြောင့် ဥရောပတွင် နေထိုင်စဉ် သူမသည် ကမ္မဋ္ဌာန်းလုပ်ငန်းကို ပို၍ အားသွန် လုပ်ဆောင်လာပါသည်။ ဆရာများစွာ ထံတွင် နည်းပညာ ရှာဖွေ၏။ စာပေများစွာကို ရှာဖွေဖတ်ရှု၏။ ကမ္မဋ္ဌာန်းနည်း များစွာကို ကျင့်ကြံကြည့်၏။ သူမ၏ လုပ်ငန်းသည်

အောင်မြင်မှုမရှိကြောင်း သူမ မကြာခဏ ဆင်ခြင်မိ၏။ ကျမ်းဂန်လာ ရှာန်အဘိညာဉ်၏ ထူးခြားမှုများသော်လည်းကောင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ ဖြစ်ရပ်များသော်လည်းကောင်း သူမ ထိတွေ့မှု မရှိခဲ့ပေ။ သူမ စိတ်ပျက်မှုကြီးစွာဖြစ်ခဲ့ရ၏။

ဆရာတော်ချင်ဟိုင်သည် ဘာသာရေးများအပေါ် ထူးခြားစွာ အမြင်ကျယ်၏။ သူမသည် ခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊ လောင်ဇုနှင့် အခြားဘာသာများကို လေ့လာ သင်ယူပြီး ပြန်လည်သင်ကြားပေးခဲ့၏။ သူမသည် ဘာသာကြီးများ၏ တူညီမှုတို့ကို အစဉ် ဖော်ပြခဲ့သည်။ ဘာသာရေးဆရာတော်ကြီး အဆူဆူတို့သည် အမှန်တရားကိုသာ သင်ကြားကြောင်း သူမ မြင်သလို မြင်စေခဲ့၏။ လူအမျိုးမျိုးတို့သည် ဆောက်တည်နေထိုင်ရသော ဒေသနှင့် ကာလ မတူညီကြ၍ အမြင်ချင်း ကွဲပြားကာ ဘာသာရေးယူဆချက် ကွဲလွဲခဲ့ရခြင်းသာဖြစ်သည်ဟု သူမ မကြာခဏ ရှင်းပြပါ၏။

ဂျာမနီတွင်ရှိစဉ် ဆရာတော်ချင်ဟိုင်သည် ဂျာမန်သိပ္ပံပညာရှင်တစ်ဦးနှင့် ပျော်ရွှင်စွာ အိမ်ထောင်ကျခဲ့၏။ သူသည် နယ်ပယ်နှစ်မျိုး၌ ပါရဂူဘွဲ့ နှစ်ခု ရထား၏။ သူသည် ကြင်နာသော၊ ဂရုစိုက်သော၊ ထောက်ခံမှုပေးတတ်သော လင်သားဖြစ်သည်။ သူလည်း သက်သတ်လွတ်သာ စားသူဖြစ်လာ၏။ ဘုရားဖူးခရီးများ အတူတကွ သွားခဲ့ကြ၏။ သူမ၏ ပရဟိတလုပ်ငန်းများကို အထောက်အကူပြုလေ့ ရှိသည်။ နောက်ပိုင်း၌ ဆရာတော်ချင်ဟိုင်သည် သူမ၏ ဝိညာဉ်ရေးရာပန်းတိုင်ရောက်ရှိရေးအတွက် အိမ်ထောင်ရေးကို စွန့်လွှတ်ရန် လိုအပ်သည်ဟု ခံယူလာ၏။ ယင်းကိစ္စကို အချိန်ယူ၍ သူမ၏ ခင်ပွန်းနှင့် တိုင်ပင်ညှိနှိုင်းခဲ့ရ၏။ ယခု ခွဲခွာနေသောဘဝသည် သူ၏ သဘောတူညီမှုနှင့် ဖြစ်ပါသည်။ နှစ်ဦးစလုံးအတွက် အလွန်ခက်ခဲသော ဆုံးဖြတ်ချက် ဖြစ်ပါသည်၊ သူမအတွက် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်သည်ဟု

သူမ ခိုင်မာစွာ ယုံကြည်၏။ ဤကဲ့သို့ လုပ်ဆောင်မှသာ ဈာန်လိုက်စားနိုင်မည်ဖြစ်သည်။

အိမ်ထောင်မှ ခွာခဲ့ပြီးနောက် ဆရာတော်ချင်ဟိုင်သည် ယခုတစ်သက်တာတွင်း၌ပင် လွတ်မြောက်မှုရရှိနိုင်သော နည်းအမှန် ရရှိရေးရှာဖွေတော့၏။ (Surangama) သုတ္တန်တွင် စကြာမုနိဗုဒ္ဓကိုယ်တော်က ကွမ်ရင်နည်းသည် အမြင့်ဆုံးနည်းဖြစ်သည်ဟု ဆိုထား၏။ သူမ၏ ဆရာများသည် ယင်းနည်းကိုမသိရှိကြပေ။ သူမဆက်လက်၍ ခရီးနှင်၏။ ကွမ်ရင်နည်းကို သင်ပေးမည့်ဆရာ လိုက်ရှာခြင်းဖြစ်၏။ နှစ်ပေါင်းများစွာ ကုန်ဆုံးပြီးနောက် ဟိမဝန္တာ ဆရာတော်တစ်ဦးနှင့် တွေ့ဆုံ၏။ ယင်းဆရာတော်က သူမအား ကွမ်ရင်နည်းသို့ ပို့ဆောင်ပေးလိုက်၏။ သူမအား မြင့်မြတ်သော လက်ဆင့်ကမ်းခွင့်ပါ ပေးလိုက်၏။ သူမ လိုက်လံရှာဖွေနေခဲ့သော ကွမ်ရင်နည်း ရရှိပြီးနောက် သူမ ဆက်လက်၍ ကျင့်ဆောင်သောအခါ ဈာန်အောင်လာတော့၏။ သူမသည် ဆက်လက်၍ ကျင့်ဆောင်ရင်း အသိဉာဏ်ကို တိုးပွားစေ၏။ ဟိမဝန္တာတွင် ဆက်လက်နေထိုင်ပြီး ဆက်လက် ကျင့်ဆောင်နေခဲ့သည်။

နောက်တွင် ဆရာတော်ချင်ဟိုင်သည် ထိုင်ဝမ်သို့လာခဲ့ပြီး ဗုဒ္ဓဘာသာ သီလရှင်အဖြစ် ခံယူခဲ့၏။ အိန္ဒိယတွင်ရှိစဉ် သူမသည် Bodhisattva ဝန်ခံကတိနှင့် ဆာမိ ဝန်ခံကတိများ ပြုခဲ့ပြီးဖြစ်သည်။ တစ်ညၥ မိုးကြီးလေကြီး တိုက်နေစဉ်သူမသည် ထိုင်ဝမ်ရှိ ကျောင်းငယ်တစ်ဆောင်၌ ကမ္မဋ္ဌာန်းကျင့်နေကာလ လူတစ်စုက တံခါး လာခေါက်သည်။ ဘာကြောင့်လာသည်ကို မေး၏။ ကွမ်ရင်မယ်တော်က သူတို့၏ ဆုတောင်းမှုကို ဖြေကြားရာ၌ သင်က ဆရာတော်တစ်ပါးဖြစ်ကြောင်း၊ သင့်ထံ၌ ဆုတောင်းနိုင်ကြောင်း၊ လွတ်မြောက်မှုနည်းလမ်း ရနိုင်ကြောင်း ညွှန်ကြားခဲ့၍ လာခဲ့ခြင်းဖြစ်ကြောင်း ဖြေ၏။ ဆရာတော်က သူတို့ကို ပြန်လွှတ်ရန် ကြိုးစားသော်လည်း သူတို့ မပြန်ဘဲနေ၏။ သူတို့သည် ရိုးသားစွာ

ယုံကြည်သူများဖြစ်၍ဆရာတော်သနားလာ၏။ သက်သတ်လွတ်စားပါမည် ဆိုသည့်ကတိနှင့် လပေါင်းများစွာ သန့်စင်မှုပြင်ဆင်ရေး သဘောတူကြသောကြောင့် သူတို့အား ပို့ဆောင်ပေးရန် ဆရာတော်ဝန်ခံလိုက်၏။

ဆရာတော်သည် ရက်တတ်သည့် သဘာဝကြောင့် တပည့်မွေးရန် မရှာခဲ့ပေ။ သူမ၏ ပို့ဆောင်မှုကို ရှာဖွေကြသော လူအုပ်မှ ထွက်ခွာလေ့ရှိ၏။ ဤဖြစ်ရပ်မျိုး အိန္ဒိယနှင့် အမေရိကန်၌ သူမ မထင်ရှားသော သီလရှင်ဘဝတွင် ဖြစ်ခဲ့ကြ၏။ ထိုင်ဝမ်တွင် သူမအား တတိယအကြိမ်"တွေ့ရှိ"သောအခါ ရှောင်လွှဲ၍ မရတော့သည့် တာဝန်မှ ထွက်ပြေးရန် မသင့်တော့ကြောင်း သဘောထားလာ၏။, သူမသည် အမှန်တရား၏ သတင်းစကားများ စတင် ဟောကြားလာ၏။ လိုလားသူ ကျောင်းသားများကို ကွမ်ရင်နည်းသို့ ပို့ဆောင်ပေးလာ၏။

ဆရာတော်ချင်ဟိုင်၏ လုပ်ငန်းသည် ထိုင်ဝမ်ရှိ လူနည်းစုမှ သောင်းသိန်းသို့ ပါးစပ်သတင်းအားဖြင့် ပြန့်သွားတော့၏။ သူမသည် ထိုင်ဝမ်တွင် ကြာရှည်စွာ နေထိုင်သောကြောင့် ထိုင်ဝမ်တပည့် ပိုများနေခြင်း ဖြစ်သည်။ မကြာမီနှစ်များအတွင်း သူမသည် အာရှနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိက နိုင်ငံများသို့ ခရီးထွက်၍ ဟောပြောပို့ချခဲ့၏။ သူမ၏ ကူညီမှုဖြင့် လူမျိုးပေါင်းစုံ ယုတ် လတ် မြတ် မရွေး၊ ဘာသာမရွေး ဝိညာဉ်ရေးရာ တိုးတက်မှုရရှိခဲ့ကြ၏။ တရားဝင် အဖွဲ့အစည်းကြီးအဖြစ် တည်ထောင်ခြင်း မပြုသော်လည်း ကျေးဇူးသိတတ်သော မိတ်ဆွေ၊ နောက်လိုက်များ ကမ္ဘာပေါ်တွင်မရှားဘဲ ရှိ၏။ သူတို့၏ ချစ်ခင်လေးစားသော ဆရာတော်မှ အခြားသူများအား ကူညီနိုင်ရန် သူတို့သည် အစဉ် အသင့်ရှိနေကြသည်။

ကျွန်တော်တို့အား ဆရာတော်ချင်ဟိုင် ပြောပြသည်မှာ သူမသည်

အချိန်ပြည့် ဈာန်သတ္တိနှင့် ပြည့်စုံနေသည်မဟုတ်ဟု ဆို၏။ သူမသည် သာမန်ဘဝကို နေထိုင်၍ ကျွန်တော်တို့၏ ပြဿနာများကိုသူမ၏ အတွေ့အကြုံမှ သိရှိသည်ဟု ဆို၏။ ကျွန်တော်တို့၏ နှလုံးနာမှုများ၊ ကြင်နာမှုများ၊ ဆန္ဒများ၊ သံသယများကိုလည်း သိသည်။ အထက်ဘုံ ဗုဒ္ဓဖြစ်စဉ်ကိုလည်း သူမသိသည်။ ဤနေရာမှ ထိုနေရာသို့ မည်သို့ သွားရသည်ကိုလည်း သိ၏။ ယခုအချိန်၌ သူမ၏ အဓိကတာဝန်မှာ ကျွန်တော်တို့၏ မနီးကြားသော၊ ဒုက္ခခံစားနေရသော၊ တွေဝေနေသော ခရီးလမ်းမှသည် ပျော်ရွှင်ကျေနပ်သော၊ မြင့်မြတ်သော သိရှိမှု လုံးဝရရှိသော လမ်းခရီးသို့ ခေါ်ဆောင်ရန်သာ ဖြစ်သည်။ အသင် အသင့်ဖြစ်ပါက သူမခေါ်ဆောင်ရန် အသင့်ရှိနေသည်။

ဆရာတော်ချင်ဟိုင်သည် ဗုဒ္ဓဘာသာလမ်းစဉ်အတိုင်း ဓမ္မဒေသနာများ၊ ဟောပြောပွဲများကို စိတ်ဝင်စားသူ ကျောင်းသားများအား ပို့ချသည်။ သူမသည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ တရုတ်၊ ဗီယက်နမ် ဘာသာစကားများဖြင့် ဟောသည်။ ကွမ်ရင်နည်းကို သင်ယူလို၍ ဖြစ်စေ၊ ကျင့်ဆောင်လို၍ဖြစ်စေ၊ သူမ၏ ပို့ဆောင်မှုကို ခံယူလို၍ဖြစ်စေ ဆန္ဒရှိကြပါက ဖိတ်ခေါ်အပ်ပါသည်။ သူမ၏ ဟောကြားမှုများ၊ ကွမ်ရင်နည်းသို့ ပို့ဆောင်မှုများအတွက် အခမဲ့ဖြစ်ပါသည်။